NEWS
THE CARTER CENTER
ONE COPENHILL ATLANTA, GA 30307

**FOR IMMEDIATE RELEASE**
**Sept. 25, 2015**
**Contact:** In Atlanta, Soyia Ellison, soyia.ellison@cartercenter.org
In Yangon, Frederick Rawski, frederick.rawski@mail.cceom.org
Meaghan Fitzgerald, mfitzgerald@mail.cceom.org

## ကာတာစင်တာ၏ မြန်မာနိုင်ငံ ရှိ ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းများ စီစစ်မှု လုပ်ငန်းစဉ်နှင့် မဲဆွယ်စည်းရုံးလှုပ်ရှားမှုဝန်းကျင်အနေအထားဆိုင်ရာ ထုတ်ပြန်ကြေညာချက်

အက်တလန်တာ - ကာတာစင်တာ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့မှနေ၍ စက်တင်ဘာလရက်နေ့တွင် တရားဝင် စတင်ခဲ့သည့် မဲဆွယ်စည်းရုံးမှုများကို ကွင်းဆင်းလေ့လာရန် အဖွဲ့များ စေလွှတ်ခဲ့ပါသည်။ ပြည်နယ်၃ခုတွင် ပထမ မဲဆွယ်စည်းရုံးမှု ကာလ၏ ပထမပတ်သည် ငြိမ်းချမ်းကြောင်း ကာတာစင်တာမှ တွေ့ခဲ့ရပြီး ပါတီများမှလည်း ၎င်းတို့၏ မဲဆွယ်စည်းရုံးမှု လုပ်ငန်းဆောင်ရွက်ချက်များကို အခက်အခဲ ကြီးကြီးမားမား မရှိပဲ လုပ်ဆောင်နိုင်ကြောင်း ဆိုပါသည်။ မဲဆွယ်စည်းရုံးမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ပြင်းထန်စွာ တင်းကြပ်ခြင်းနှင့် မကြာသေးခင်က ထုတ်ပြန်ကြေညာခဲ့သည့် နိုင်ငံရေး ဟောပြောချက်များ၊ မိန့်ခွန်းများအပေါ် ကန့်သတ်ချက်များသည် ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေး အခြေအနေပေါ်တွင် အပျက်သဘောဆောင်မှု ရှိနိုင်သည်ဟု ကာတာစင်တာမှ ဆက်လက် စိုးရိမ်ပူပန်လျက် ရှိပါသည်။

ကာတာစင်တာသည် ရွေးကောက်ပွဲ ကော်မရှင်မှ တာဝန်ရှိသူများနှင့်သာမက ငြင်းပယ်ခံခဲ့ရသည့် ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းလျှောက်ထားသူများနှင့်ပါ တွေ့ဆုံဆွေးနွေးခြင်းတို့ ပါဝင်သော ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စီစစ်ခြင်း၊ အယူခံဝင်ခြင်း လုပ်ငန်းစဉ်ကိုလေ့လာစောင့်ကြည့်နေပါသည်။ ဤလုပ်ငန်းစဉ်သည် များပြားလှစွာသော နိုင်ငံရေးပါတီများ မှ ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း ကိုပံ့ပိုးကူညီပေးသော်လည်း လူမျိုးရေးနှင့် ဘာသာရေးအရ အထူးသဖြင့် မွတ်ဆလင် ကိုယ်စားလှယ်လောင်းများအတွက် အချိုးအစား မမျှတစွာ

ကြီးမားသော အနှုတ်သဘော သက်ရောက်မှုကို ဖြစ်စေပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ ပြန်လည်စိစစ်ပြီး လူနည်းစုပါတီအချို့မှ ကိုယ်စားလှယ်လောင်း အချို့ကိုပြန်လည်လက်ခံပေးခဲ့သော်လည်း ရခိုင်ပြည်နယ်မှ မွတ်ဆလင် ကိုယ်စားလှယ်လောင်းများ အားလုံးလိုလိုမှာ ပါဝင်ခွင့်ခြင်းမရှိခဲ့ပေ။

## ကိုယ်စားလှယ်လောင်း စီစစ်ခြင်းလုပ်ငန်းစဉ်

ဩဂုတ်လ၁၈ရက်နေ့တွင် ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း ပြီးဆုံးသွားသောအခါ ရွေးကောက်ပွဲကော်မရှင်ခွဲများသည် နိုင်ငံရေးပါတီ၉၃ခုကို ကိုယ်စားပြုသော ကိုယ်စားလှယ်လောင်းပေါင်း၆၁၈၃ဦးအတွက် အမည်စာရင်းတင်သွင်းမှုကို လက်ခံရရှိခဲ့ပြီး တသီးပုဂ္ဂလ ပါဝင်ယှဉ်ပြိုင်မည့်သူမှာ ၃၁၃ဦးရှိပါသည်။[1] ခရိုင်ရွေးကောက်ပွဲ ကော်မရှင်ခွဲများသည်လည်း ထို့အတူပင် အမည်စာရင်း တင်သွင်းခဲ့သောသူများကို ရွေးကောက်ပွဲဝင်ရန် ကိုယ်စားလှယ်လောင်းအဖြစ် ကိုက်ညီရန် သတ်မှတ်ထားသော စည်းကမ်းချက်များကို ပြည့်မှီရန် `စီစစ်´ခဲ့ပါသည်။ စုစုပေါင်း အမည်စာရင်းတင်သွင်းမှု ၉၉ခုကို ငြင်းပယ်ခဲ့ပြီး အများစုသည် နိုင်ငံသားဖြစ်ခြင်း၊ အသက်အရွယ်နှင့် နေထိုင်မှုဆိုင်ရာ စည်းကမ်းချက်များနှင့် မညီညွတ်သောကြောင့် ဖြစ်ပါသည်။[2] အရည်အသွေးမပြည့်မှီဟု ယူဆထားသော ကိုယ်စားလှယ်လောင်း အရေအတွက်သည် နည်းပါးသော်လည်း ကန့်သတ်ချုပ်ခြယ်သည့် စည်းကမ်းချက်များ၊ ထိုစည်းကမ်းချက်များ ကြိုက်သလို ရွေးချယ် ဆောင်ရွက်ခြင်းနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အကာအကွယ်များ မရှိခြင်းတို့ကြောင့် ဤလုပ်ငန်းစဉ်ကို မည်မျှအထိ ယုံကြည် စိတ်ချနိုင်မည်ကို မေးခွန်းထုတ်စရာ ဖြစ်လာပါသည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၂၀နှင့် ရွေးကောက်ပွဲ ဥပဒေများ၏ ပုဒ်မ၈တွင် ပြဋ္ဌာန်းထားသော စည်းကမ်းချက်များအရ ကိုယ်စားလှယ်လောင်း တစ်ယောက်သည် အမည်စာရင်း မတင်သွင်းမီ အချိန်အထိ မြန်မာနိုင်ငံတွင် ဆယ်နှစ်ဆက်တိုက် နေထိုင်ထားရပြီး နိုင်ငံသားဖြစ်ရမည့်အပြင် ၎င်း၏ မိဘများသည်လည်း ၎င်းအား မွေးဖွားချိန်တွင် နိုင်ငံသားများ ဖြစ်ရန်ဆိုသည့် အချက်များသည် ကန့်သတ်ချုပ်ချယ်ရာရောက်ပြီး၊ နိုင်ငံတကာစံနှုန်းများ၊ ကောင်းမွန်သော အလေ့အထများနှင့်လည်း ကိုက်ညီမှုမရှိပေ။[3] အထူးသဖြင့်

---

[1] ဤကိန်းဂဏန်းများတွင် ပြည်ထောင်စု လွှတ်တော်နှစ်ရပ်လုံးသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များမှ ကိုယ်စားလှယ်လောင်းများလည်း ပါဝင်ပါသည်။

[2] ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အရ နိုင်ငံသားဖြစ်ခြင်းနှင့် ဆက်စပ်သည့်အကြောင်းများကြောင့် ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းမှု၆၁ခုကို ငြင်းပယ်ခဲ့ပြီး ၁၂ခုမှာ အသက်ကန့်သတ်ချက်များကို မပြည့်မှီခြင်းနှင့် ၈ခုမှာ နေထိုင်မှု စည်းကမ်းချက်များ ပျက်ကွက်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ အခြားသော အကြောင်းပြချက်များတွင် ပါတီဝင်အဖြစ် ဖော်ပြရာတွင် မတိကျခြင်း (သို့မဟုတ်) ပါတီပါဝင်မှု နှစ်ထပ်ကွမ်း ဖြစ်နေခြင်း၊ အစိုးရဝန်ထမ်းရာထူးတစ်ခုမှ အငြိမ်းစားယူသည်ကို သက်သေ အထောက်အထားပြရန် ပျက်ကွက်ခြင်းနှင့် မှားယွင်းသော သတင်းအချက်အလက်များ ဖြည့်သွင်းခြင်းတို့ ဖြစ်ပါသည်။

[3] ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် (UNHRC)၏ အထွေထွေမှတ်ချက်မှသည် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ စာချုပ် (ICCPR)၏ အပိုဒ်၂၅တွင် "ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အရည်အချင်းပြည့်ပြီးသူများကို ဥပမာ ပညာရေး၊ နေထိုင်မှု၊ မျိုးရိုးစဉ်ဆက် (သို့မဟုတ်) နိုင်ငံရေး သင်းဖွဲ့တွင် ပါဝင်မှု စသည်တို့ကဲ့သို့ ကျိုးကြောင်းမခိုင်လုံသည့် သို့တည်းမဟုတ် ခွဲခြားဆက်ဆံသည့် စည်းကမ်းချက်များဖြင့် မဖယ်ကျဉ်ရ" ဟု ဖော်ပြထားပါပြီး (အပိုဒ်၁၅)၊ ဗင်းနစ်ကော်မရှင်၏ ရွေးကောက်ပွဲ ကိစ္စရပ်များဆိုင်ရာ ကောင်းသော

ပြည်သူများအနေဖြင့် မှတ်ပုံတင် (နိုင်ငံသား ဖြစ်ခြင်းကို အထောက်အထားပြသော စာရွက်စာတမ်းများကို ရရှိရန်တွင် သမိုင်းတစ်လျှောက် အလွန်ခက်ခဲခဲ့သော မြန်မာနိုင်ငံ၊ နိုင်ငံသားဖြစ်ခြင်းကိုပင် ကြိမ်ပေါင်းများစွာ ပြောင်းလဲခဲ့သည့် မြန်မာနိုင်ငံတွင် မိဘများ၏ နိုင်ငံသားဖြစ်ခြင်းကို သက်သေပြရန်မှာ အင်မတန် ကြီးလေးသော ဂန့်တစ်ရပ် ဖြစ်ပါသည်။ UEC ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှနေ၍ အရည်အသွေး မပြည့်မီမှုများကို အတတ်နိုင်ဆုံး လျှော့ချနိုင်သည့် နည်းဖြင့် ထိုသို့ မြန်မာနိုင်ငံအတွင်းတွင် ကာလမည်မျှ နေထိုင်သူဖြစ်ရမည်ဟု ဖွင့်ဆိုသတ်မှတ်သော်လည်း ခရိုင်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်မှ အဖွဲ့ခွဲများသည် ဥပမာ ကိုယ်စားလှယ်လောင်းတစ်ဦးနှင့် သူ၏ မိခင်သည် ယခင်ကတည်းက နိုင်ငံသားအဖြစ် စစ်ဆေးမှု ဖြစ်စဉ်ပေါင်းများစွာကို ဖြတ်သန်းခဲ့ရခြင်းဖြစ်စေ ဤကိုယ်စားလှယ်လောင်း၏ မိဘများလက်ထဲတွင် နိုင်ငံသား စီစစ်ရေး ကတ်ပြားများ (Citizenship Scrutiny Cards - CSC) ရှိမရှိ[4] ဖြစ်စေ စသည်တို့ ပါဝင်သော တချို့သော ဖြစ်ရပ်များတွင် ဥပဒေပါ နိုင်ငံသားဖြစ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို လက်လီစိတ်တင်းကျပ်စွာ အသက်ဝင်အောင်လည်း ကြိုးစားနေကြသည်။[5] တွေ့ခဲ့ရသော ဖြစ်ရပ်အနည်းဆုံးနှစ်ခုတွင် ယခင်က လွှတ်တော်တွင် တာဝန် ထမ်းဆောင်ခဲ့ပြီးသော ကိုယ်စားလှယ်များ ဒုတိယအကြိမ် ပြန်လည် အရွေးခံသည်တွင် ငြင်းပယ်ခံရခြင်းပင် ဖြစ်ပါသည်။ [6](UEC မှပြန်လည်ဆုံးဖြတ်ချက်အရ ကိုယ်စားလှယ်လောင်း တစ်ယောက် ပြန်လည် အမည်စာရင်းတင်သွင်းခွင့်ရရှိခဲ့ပါသည်။)

အရည်အချင်း မပြည့်မီဟု သတ်မှတ်ခဲ့သည့် ပုံစံများအရ နိုင်ငံသားဖြစ်ခြင်း စည်းကမ်းချက်များကို အချို့သော တိုင်းရင်းသား၊ လူမျိုးနှင့် ဘာသာရေးကိုးကွယ်သော လူထုများအပေါ်တွင် ပို၍ ပြင်းထန်စွာ ကြပ်မတ်ခဲ့ကြောင်း တွေ့ရပါသည်။ နိုင်ငံသားမဖြစ်ဟူသော အကြောင်းပြချက်ဖြင့် ပတ်သက်၍ ကိုယ်စားလှယ်အဖြစ် အမည်စာရင်း တင်သွင်းလျှောက်ထားသူ၆ဦးကို ငြင်းပယ်ခဲ့ရာတွင် အများစုမှာ မွတ်ဆလင် သို့မဟုတ် တိုင်းရင်းသားပါတီများမှ သော်လည်းကောင်း၊ တောင်အာရှ သို့မဟုတ် အရှေ့အာရှ မျိုးနွယ်များမှ

---

ကျင့်ဝတ်အလေ့အထများတွင် အချက် (၁၊ ၁၊ ဂ၊ ၄)တွင် အကြံပြုထားသည်မှာ "မဲပေးရန်အတွက် (သို့မဟုတ်) ကိုယ်စားလှယ်လောင်းဖြစ်ရန်အတွက် နေထိုင်မှု စည်းကမ်းချက်များ သတ်မှတ်ထားသည်ဆိုလျှင် သတ်မှတ်ထားသည့် နေထိုင်မှုကာလသည် (၆)လ ထက်မကျော်စေရ" ဟု ဆိုပါသည်။"

[4] ၁၉၈၂ခုနှစ် နိုင်ငံသား ဥပဒေအရ တစ်နိုင်ငံလုံး နိုင်ငံသားဖြစ်မှု စစ်ဆေးခြင်း လုပ်ငန်းစဉ်ကို ၁၉၈၉ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့ပါသည်။ ထိုဖြစ်စဉ်တွင် ပါဝင်ခဲ့သောသူများ၌ ၎င်းတို့သည် နိုင်ငံသား အပြည့်အဝဖြစ်သည်ဟု တွေ့ရှိလျှင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ (CSCs)ကို ထုတ်ပေးခဲ့ပါသည်။ (နိုင်ငံသား အပြည့်အဝ ဖြစ်ခြင်းဆိုသည်မှာ နိုင်ငံသားအဖြစ် ခံယူသူများ သို့မဟုတ် နိုင်ငံသားအဖြစ် အသိအမှတ်ပြု ခံရသူများနှင့် မတူပေ။ ထိုသူများသည် ၎င်းတို့ရှင်သန်သည့်ဘဝတွင်မှ နိုင်ငံသားအဖြစ်ကို ရရှိသူများ သို့မဟုတ် မိဘနှစ်ပါးတွင် တစ်ဦးသည် နိုင်ငံသား အပြည့်အဝ မဖြစ်သူများနှင့် မတူပေ။) နိုင်ငံသားစိစစ်ရေးကတ်ပြား မတိုင်ခင်က ထုတ်ပေးခဲ့သော မှတ်ပုံတင်ကတ်ပြားများကို နိုင်ငံသားဖြစ်ခြင်း၏ သက်သေအထောက်အထားအဖြစ် မသုံးနိုင်တော့သော်လည်း ထိုမှတ်ပုံတင်ကတ်ပြား ကိုင်ဆောင်ထားသူများကို အစိုးရမှ နိုင်ငံသားအဖြစ် ပုံမှန်ဆက်ဆံခဲ့သည်ကို တွေ့ရပါသည်။ ထို့အပြင် အစိုးရဝန်ထမ်း ဖြစ်လိုသူများ၊ စစ်တပ်သို့ ဝင်ချင်သူများ သို့မဟုတ် ဥပဒေပညာ၊ ဆေးပညာနှင့် အင်ဂျင်နီယာ ပညာ စသည်တို့ကို သင်ကြားလိုသူများကိုလည်း နိုင်ငံသားဖြစ်မဖြစ် စစ်ဆေးခြင်းများကို အခါအခွင့်သင့်သလို ဆောင်ရွက်ခဲ့သည်များလည်း တွေ့ရှိရပါသည်။

[5] ကိုယ်စားလှယ်လောင်းအချို့မှကာတာစင်တာလေ့လာသူများကိုယ်ပြောကြားရာတွင် ၎င်းတို့ မိဘ၊ ဘိုးဘွားများလက်ထဲတွင် နိုင်ငံသား စီစစ်ရေး ကတ်ပြားများ ရရှိပြီး နိုင်ငံတွင်မွေးဖွါးနေထိုင်ခဲ့သော်လည်း ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်မှပယ်ချခဲ့ပါသည်။

[6] ရိုဟင်ဂျာလူမျိုး နိုင်ငံရေးသမားနှင့် ပြည်သူ့လွှတ်တော်မှ ပြည်ခိုင်ဖြိုးပါတီဝင် ဦးရွှေမောင်သည် ရခိုင်ပြည်နယ် မြောက်ပိုင်း မောင်တောမြို့နယ်တွင် တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းအဖြစ် ယှဉ်ပြိုင်ရန် လျှောက်ထားခဲ့ပါသည်။ ဒေါ်စမ်းစမ်းမြင့်သည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှ ကိုယ်စားလှယ်ဖြစ်ပြီး အမျိုးသားဒီမိုကရေစီပါတီသစ်၏ ကိုယ်စားလှယ်အဖြစ် ယှဉ်ပြိုင်ရန် လျှောက်ထားခဲ့ပါသည်။ ထိုကိုယ်စားလှယ်လောင်း နှစ်ဦးစလုံးသည် ၂၀၁၀ခုနှစ်တွင် ရွေးကောက်ခံခဲ့ရသူများ ဖြစ်ပါသည်။ ဒေါ်စမ်းစမ်းမြင့် ပြန်လည် အမည်စာရင်းတင်သွင်းခွင့်ရရှိခဲ့ပါသည်။

ဆင်းသက်လာသော တသီးပုဂ္ဂလပုဂ္ဂိုလ်များ သော်လည်းကောင်း ဖြစ်နေပါသည်။ ရိုဟင်ဂျာနှင့် ကမန်တို့ကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များ အပါအဝင် မွတ်ဆလင် ကိုယ်စားလှယ်လောင်း အများစုကို တင်သွင်းခဲ့သည့် နိုင်ငံရေးပါတီကြီး၆ခုထဲမှ၅ခုသည် ၎င်းတို့ ကိုယ်စားလှယ်လောင်းများထဲမှ တဝက်ကျော်ခန့် ပယ်ချခံခဲ့ရပြီး မွတ်ဆလင် တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း၂ဦးသည်လည်း ပယ်ချခံခဲ့ရပါသည်။[7] ကိုယ်စားလှယ်လောင်းများအားလုံးကို နိုင်ငံသားဖြစ်ခြင်းဟူသော အချက်ကို မစစ်ဆေးခဲ့ကြောင်း၊ ကိုယ်စားလှယ်လောင်းများကို စီစစ်ရာတွင် စာရွက်စာတမ်းများထဲတွင် နိုင်ငံခြားသား မိဘဘိုးဘွားစဉ်ဆက် ရှိသည်၊မရှိသည်ကို ကြည့်ခြင်းဖြစ်စေ တခါတရံတွင် ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်အရ ကြည့်၍ စစ်ဆေးခဲ့သည်ဟူ၍ ကော်မရှင်အဖွဲ့ဝင်များထဲမှ တစ်ယောက်မကသော သူများက ဝန်ခံခဲ့ကြသည်။

ကနဦး စစ်ဆေးခြင်းနှင့် အယူခံမှု လုပ်ငန်းစဉ်များအားလုံးတွင် သင့်တော် ဖြောင့်မတ်သည့် လုပ်ထုံးလုပ်နည်း လုပ်ငန်းပိုင်းဆိုင်ရာ အကာအကွယ်များ မရှိပေ။ ဤသည်မှာ နိုင်ငံသားဖြစ်ခြင်း စစ်ဆေးမှုနှင့် ပတ်သက်လျှင် ပို၍ပင် အထူးသိသာ ထင်ရှားပါသည်။ လူဝင်မှုကြီးကြပ်ရေး အရာရှိများသည် နေထိုင်မှုနှင့် နိုင်ငံသားဖြစ်ခြင်းကို သတ်မှတ်ရာတွင် အခန်းကဏ္ဍတစ်ခုမှ ပါဝင်လှုပ်ရှားခဲ့ပြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များသည်လည်း မည်သည့်အချိန်တွင် မည်သို့ မည်သည့်အချက်အပေါ် အခြေခံ၍ ဤအဆိုပြုချက်များကို ပြုလုပ်ခဲ့သည်ကို ရှင်းပြရာတွင် တစ်ယောက်နှင့် တစ်ယောက် ဆန့်ကျင်မှုများ ရှိပါသည်။ ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းသူတစ်ဦး၏ မိဘများ နိုင်ငံသား ဖြစ်ခြင်း၊မဖြစ်ခြင်းအဆင့်ကို သက်သေပြနိုင်သည့် စာရွက်စာတမ်းများကို ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းချိန်က တပါတည်း ထည့်သွင်းတင်ပြရန် မတောင်းဆိုခဲ့ပေ။ ကိုယ်စားလှယ်လောင်းများသည်လည်း အယူခံရန်အတွက် ကိုယ်တိုင်လာရောက်၍ မိမိကိုယ်ကို ခုခံချေပခွင့်ကို များသောအားဖြင့် မရခဲ့ကြသည့်အပြင် အယူခံသည့် ဖြစ်စဉ်တစ်ခုလုံးကို ခြုံငုံကြည့်လျှင် တူညီမှုမရှိပဲ ကော်မရှင်ခွဲများသည် ခြားနားသော နည်းလမ်းများကို အသုံးပြုခဲ့ကြပါသည်။ သာဓကပြရလျှင် ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် ကော်မရှင်ခွဲများသည်ခရိုင်ကော်မရှင်ခွဲများ၏ဆုံးဖြတ်ချက် စာရွက်ပေါ်တွင်သာ စစ်ဆေးခဲ့ပြီး အယူခံဝင်ခဲ့သူများအား အသိပေးရန်အတွက် ရှင်းလင်းပြတ်သားသော လုပ်ထုံးလုပ်နည်းများ မရှိကြပေ။[8] တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်များသို့ အယူခံ၆၇မှု လျှောက်ထားခဲ့ရာ နောက်ပိုင်းတွင် ကိုယ်စားလှယ်လောင်း၁၃ဦးကို မှတ်ပုံတင်ခွင့် ပြန်ပေးခဲ့ပြီး နိုင်ငံသားဖြစ်ခြင်းအပေါ် အခြေခံသည့် ငြင်းပယ်မှုတစ်ခုကိုသာ ပယ်ဖျက်ပေးခဲ့ပါသည်။

---

[7] ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ပါတီနှင့် အမျိုးသား ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးပါတီများသည် ရိုဟင်ဂျာအများစု ပါဝင်သော ပါတီများဖြစ်ပြီး ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် ကိုယ်စားလှယ်လောင်း အမည်များ တင်သွင်းရာတွင် ၁၅ဦးနှင့် ၇ဦးစီ ပယ်ချခံခဲ့ရပြီး ဤသည်မှာ ပါတီတစ်ခုချင်းစီအတွက် ကိုယ်စားလှယ်လောင်း ပယ်ချခံရမှု အများဆုံး ဖြစ်ပါသည်။

[8] ကိုယ်စားလှယ်လောင်း အရည်အချင်းမပြည့်မှီဟု ပယ်ချခြင်းများ၏ ၃ပုံ၂ပုံကျော်သည် ရန်ကုန်တိုင်း ဒေသကြီး (၃၄ဦး)နှင့် ရခိုင်ပြည် (၂၉ဦး)တို့တွင် ဖြစ်ပွားခဲ့ပါသည်။

နိုင်ငံတကာစံနှုန်းများအရဆိုလျှင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းအနေဖြင့် ၎င်းတို့၏ အခြေခံအခွင့်အရေးများအပေါ် သက်ရောက်သည့် ဆုံးဖြတ်ချက်များကို ကျွမ်းကျင်၊ လွတ်လပ်၍ အမှီအခိုကင်းပြီး ဘက်မလိုက်သော ခုံရုံးတစ်ခုမှနေ၍ မျှတစွာ အများပြည်သူရှေ့ ကြားနာခြင်းဖြင့် ဆုံးဖြတ်ပေးမှုကို ရပိုင်ခွင့် ရှိပါသည်။[9] ရွေးကောက်ပွဲ ကော်မရှင်ခွဲများသည် အစိုးရအုပ်ချုပ်ရေး အရာရှိများနှင့်သာ တစ်စိတ်တစ်ဒေသ ဖွဲ့စည်းထားပြီး ၎င်းတို့၏ ဆုံးဖြတ်ချက်များကိုလည်း တရားရုံးသို့ အယူခံတက်ရန် အခွင့်အလမ်း မရှိသဖြင့် ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းအဖြစ် လျှောက်ထားခြင်းကို ငြင်းပယ်သည့် ဆုံးဖြတ်ချက်များအား ခုံရုံးတစ်ခုမှနေ၍ ဆုံးဖြတ်ပေးခဲ့ခြင်း မရှိသလို ပြန်လည် သုံးသပ်ခြင်းလည်း မရှိပေ။

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်တွင် ရွေးကောက်ပွဲ ဥပဒေပုဒ်မ၅၃အရ ကော်မရှင်ခွဲများ၏ ဆုံးဖြတ်ချက်များကို ပြန်လည် သုံးသပ်ရန် လုပ်ပိုင်ခွင့်အာဏာရှိပြီး နိုင်ငံသားအဖြစ် အရည်အသွေး မပြည့်မီဟူသော ပယ်ချခြင်းများကိုလည်း ဝင်ရောက် ဆုံးဖြတ်ပေး ခဲ့ရာတွင် ငြင်းပယ်ခံရသော ကိုယ်စားလှယ်လောင်း ၁၈ဦး အနက် ၁၁ဦး (၁၀ဦးမှာနိုင်ငံသား အဖြစ် အရည်အသွေး မပြည့်မီဟူသော ပယ်ချခြင်းခံရသူများ) ကိုပြန်လည်လက်ခံပေးခဲ့ပါသည်။ သို ့သော်လည်းအခြား ငြင်းပယ်ခံရသော ကိုယ်စားလှယ်လောင်း များ အတွက်မူ မည်သည့်အကြောင်း ကြောင့် ငြင်းပယ်ခြင်း၊ မငြင်းပယ်ခြင်းကိုမူရှင်းလင်း ခြင်း မရှိခဲ့ပေ။

ပြန်လည်လက်ခံခဲ့သည့် ကိုယ်စားလှယ်လောင်းများ အနက် ၇ဦး မှာ မွတ်ဆလင်ဖြစ်သော်လည်း ရခိုင်ပြည်နယ်မှ ငြင်းပယ် ခံရသည့် ၂၂ဦး အနက် ၁ဦးသာပါဝင်ခဲ့ပါသည်။ ရခိုင်ပြည်နယ်မှ မွတ်ဆလင် ကိုယ်စားလှယ်လောင်း အားလုံး လိုလိုကို အရည်အသွေး မပြည့်မှီဟု ပယ်ချလိုက်ခြင်းသည် ယခင်ကပင် ယာယီ နိုင်ငံသားကတ်ပြားကိုင်ဆောင်ထားသူများ၏ မဲပေးခွင့်များကို ဖျက်သိမ်းလိုက်မှုကြောင့် မဲပေးခွင့်များစွာ ဆုံးရှုံးနေရပြီးသော ရိုဟင်ဂျာလူထုအတွက် မကောင်းသော အခြေအနေကို ပို၍ ဆိုးရွားစေပါသည်။

ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်းအမှုများတွင် ပထမဆုံးနှင့် တခုတည်းသော အယူခံခုံရုံးများမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်ခွဲများ ဖြစ်သော်လည်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် တိုင်းရင်းသားမျိုးနွယ်စုများအတွက် သတ်မှတ်ထားသည့် ကိုယ်စားလှယ်နေရာများကို ဝင်ရောက်ယှဉ်ပြိုင်ရန် ငြင်းပယ်ခံရသူများအတွက် အယူခံနိုင်သော အဖွဲ့အစည်း ဖြစ်ပါသည်။ မှတ်သားလောက်စရာမှာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များတွင် တိုင်းရင်းသား လွှတ်တော် ကိုယ်စားလှယ်နေရာများအတွက် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်း တင်သွင်းသည့်

---

[9] အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း (UDHR) အပိုဒ်၁၀တွင် ဖော်ပြထားသည်မှာ "လူတိုင်းသည် လွတ်လပ်၍ အမှီအခိုကင်းပြီး ဘက်မလိုက်သော ခုံရုံးတစ်ခုမှနေ၍ ၎င်း၏ အခွင့်အရေးနှင့် တာဝန်များနှင့် ပတ်သက်လျှင်  မျှတ၍ အများပြည်သူရှေ့တွင် ကြားနာမှုကို အပြည့်အဝ တန်းတူညီမျှစွာ ရပိုင်ခွင့်ရှိသည်။...." ICCPRအပိုဒ်၁၄၊၁တွင်လည်း ဖတ်ရှုလေ့လာနိုင်ပါသည်။ ကမ္ဘာ့ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အထွေထွေမှတ်ချက်တွင် ခုံရုံးတစ်ခုအနေဖြင့် အုပ်ချုပ်ရေးအာဏာမှ လွတ်လပ်၍ အမှီအခိုကင်းရမည်ဟု မှတ်တမ်းတင်ထားပါသည် (အပိုဒ်၁၈)။ မြန်မာနိုင်ငံသည် ICCPR ကို လက်မှတ်မထိုးထားသော်လည်း အာဏာပိုင်များသည် ရွေးကောက်ပွဲများကို နိုင်ငံတကာ စံနှုန်းများဖြင့် ကိုက်ညီအောင် ကျင်းပသွားမည်ဟု ပြောကြားခဲ့ပါသည်။

ကိုယ်စားလှယ်လောင်း၃ဦး၏ အယူခံများကို ကြားနာပေးခဲ့ပါသည်။[10] စောင့်ကြည့်လေ့လာသူများ တက်ရောက်ရန် တံခါးဖွင့်ပေးထားသော တရားဝင်ကြားနာမှုများတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် ကော်မရှင်ခွဲများ၏ ဆုံးဖြတ်ချက်များကို ပယ်ဖျက်ခဲ့ပြီး ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမှ အဟန့်အတား ဖြစ်နိုင်သော တိုင်းရင်းသား ဖြစ်ရမည်ဟူသော စည်းကမ်းသတ်မှတ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သော်လည်းကောင်း၊ ရွေးကောက်ပွဲဥပဒေများတွင် သော်လည်းကောင်း၊ မပါရှိကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

## မဲဆွယ်မှု ဝန်းကျင် အခြေအနေ

မဲဆွယ်စည်းရုံးမှုကာလ၏ ပထမဆုံးအပတ်သည် ယေဘုယျအားဖြင့်ဆိုလျှင် နိုင်ငံရေးပါတီကြီးများ အထူးသဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(USDP) နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)တို့မှ ရန်ကုန်ပြင်ပတွင် မဲဆွယ်စည်းရုံးပွဲများ ကျင်းပခြင်း၊ စီတန်းလှည့်လည်ခြင်းများသာ ရှိပြီး အတော်ပင် တိတ်ဆိတ်ငြိမ်သက်ခဲ့ပါသည်။ ကာတာစင်တာမှ ကွင်းဆင်းလေ့လာရေးအဖွဲ့များသည်လည်း ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် မဲဆွယ်စည်းရုံးမှုများကို လေ့လာခဲ့ပါသည်။ ဤမဲဆွယ်စည်းရုံးမှု လုပ်ဆောင်ချက်များနှင့် ဟောပြောပွဲများသည် ငြိမ်းချမ်းပြီး ပြဿနာ တစုံတရာမရှိပေ။ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများသည်လည်း ဆက်လက်၍ ၎င်းတို့အနေဖြင့် ကျင့်ဝတ်သိက္ခာ စည်းမျဉ်းများကို လိုက်နာကျင့်သုံးမည်ဟု ဆိုကြသလို ကာတာစင်တာမှ လေ့လာ စောင့်ကြည့်သူများသည်လည်း ယခုအချိန်အထိ သိသိသာသာ စည်းကမ်း ချိုးဖောက်မှုများကို မတွေ့ရှိရပေ။ မည်သို့ပင်ဆိုစေကာမူ ကာတာစင်တာမှနေ၍ တရားဝင် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုကာလ မစတင်ခင် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ခဲ့သည်၊ မဲဆွယ်စည်းရုံးမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခဲ့သည် ဟူသော တိုင်ကြားချက် အနည်းငယ် ရှိသည်ကိုတော့ သိခဲ့ရပါသည်။

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံး လှုပ်ရှားမှုများအပေါ် အလွန်တင်းကျပ်သည့် စည်းကမ်းချက်များအရ ကိုယ်စားလှယ်လောင်းများ အနေဖြင့် ပြည်သူများဖြင့် စုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်း၊ အသံချဲ့စက်များ အသုံးပြုခြင်းနှင့် ပတ်သက်၍ ကြိုတင် ခွင့်ပြုချက် ရယူရမည်ဟူသော အချက်များ ရှိသောလည်း နိုင်ငံရေးပါတီများအနေဖြင့် ၎င်းတို့၏ မဲဆွယ်စည်းရုံးရေး

[10] ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းမှုများကို ငြင်းပယ်ခဲ့ရာတွင် ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူ၏ ဖခင်သည် သတ်မှတ်ထားသော တိုင်းရင်းသား ကိုယ်စားလှယ်နေရာအတွက် သတ်မှတ်ထားသော တိုင်းရင်းသားမဖြစ်ခြင်း ဟူသော အကြောင်းပြချက်ဖြင့် ဖြစ်သည်။ ရွေးကောက်ပွဲ ကော်မရှင်ခွဲများသည် ၎င်းတို့၏ မူလဆုံးဖြတ်ချက်များကို မဲဆန္ဒရှင်များသည် တိုင်းရင်းသား ကိုယ်စားလှယ်နေရာအတွက်ကို မဲပေးရန် ထိုက်သင့်မသင့် ဆုံးဖြတ်ရာတွင် ဖခင်၏ တိုင်းရင်းသားမျိုးနွယ်ကို အသုံးပြုရမည် ဟူသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဆုံးဖြတ်ချက်အပေါ် အခြေခံပြီး ရွေးကောင်ပွဲ ကော်မရှင်ခွဲများက မူလဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ ဤညွှန်ကြားချက်သည် ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်းပြည့်မီမှုနှင့် မဆိုင်ကြောင်း အကျုံးဝင်မှုနှင့် မဆိုင်ကြောင်း ဆုံးဖြတ်ခဲ့သည် ရလာဒ်မှာ အယူခံဝင်ခဲ့သည့် ကိုယ်စားလှယ်လောင်း (၃)ဦးသည် ယခုအခါတွင် တိုင်းရင်းသားအမတ်နေရာများအတွက် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ကြသော်လည်း ၎င်းတို့သည် ရွေးကောက်ပွဲတွင်မူ သူတို့ဝင်ရောက်ယှဉ်ပြိုင်မည့်နေရာများအတွက်တော့ မဲပေးနိုင်ခြင်းမရှိပေ။ သူတို့သည် အခြားသော ရွေးကောက်ပွဲများတွင်မူ မဲပေးနိုင်ပေမည်။

လှုပ်ရှားမှုများကို ယခုအချိန်အထိ လွတ်လပ်စွာ လုပ်ဆောင်နိုင်ပုံ ရှိပါသည်။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအား အသိပေးခြင်းထက် ခွင့်ပြုချက်ကို လျှောက်ထားရန် စည်းကမ်းလိုအပ်ချက်သည် လွတ်လပ်စွာ စုဝေးခွင့်အတွက် မလိုလားအပ်သော ကန့်သတ်ချက်တစ်ခု ဖြစ်ပါသည်။[11] ဤညွှန်ကြားချက်အရ ကိုယ်စားလှယ်လောင်းများသည် အသေးစိတ် ရေးဆွဲထားသည့် မဲဆွယ်စည်းရုံးရေး အစီအစဉ်များကို ကိုယ်စားလှယ်လောင်းအဖြစ် မှတ်ပုံတင်ပြီး ၁၅ရက်အတွင်း တင်သွင်းရန် လိုအပ်ပါသည်။ ဤစည်းကမ်းချက်ကို တင်းတင်းကျပ်ကျပ် လိုက်နာရမည်ဟူသော အချက်သည်လည်း ကိုယ်စားလှယ်လောင်း စာရင်းများသည် မဲဆွယ်စည်းရုံးရေးကာလမတိုင်မီ (၄)ရက်အလိုမှသာ အပြီးသတ် ကြေညာခဲ့ခြင်းကြောင့် အနှောင့်အယှက် ဖြစ်နေပါသည်။ သို့သော်လည်း အချို့သော ကော်မရှင်အဖွဲ့ဝင်များမှနေ၍ ဤပြဋ္ဌာန်းချက်များကို အသက်သွင်းဆောင်ရွက်ရာတွင် ပြင်လွယ်၊ ပြောင်းလွယ်ဖြစ်အောင် လုပ်ဆောင်မည်ဟူ၍လည်း ပြောကြားခဲ့ကြပါသည်။ တသီးပုဂ္ဂလကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီအငယ်များအနေဖြင့်လည်း ၎င်းတို့၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး အသေးစိတ်အစီအစဉ်များကို တင်သွင်းရန်အတွက် လုပ်ကိုင်နိုင်မှုအပေါ် စိုးရိမ်မှုရှိကြောင်း ပြောကြားခဲ့ပြီး အချို့မှလည်း အများပြည်သူရှေ့မှောက်တွင် ပြုလုပ်မည့် နိုင်ငံရေးဟောပြောမှုများကို လုံးဝမလုပ်ရန် ရွေးချယ်ခဲ့ကြပြီး ထိုအစား အစည်းအဝေးငယ်များနှင့် လူမှုမီဒီယာလှုပ်ရှားမှုများကိုသာ အဓိကလုပ်ရန် ရွေးခဲ့ကြသည်။

နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံပိုင်မီဒီယာများတွင် ပါဝင်နိုင်ခွင့်နှင့် စပ်လျဉ်းသည့် မကြာသေးမီက ကြေညာချက်တစ်ခုသည်လည်း အရေးကြီးသော စိုးရိမ်စရာပင်ဖြစ်ပါသည်။ ဩဂုတ်လ ၂၇ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများ၌ လွတ်လပ်စွာ ထုတ်လွှင့်နိုင်ခွင့်ကို စီစဉ်ပေးရန် တာဝန်ရှိသော ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှနေ၍ နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံပိုင် ရုပ်မြင်သံကြား၊ ရေဒီယိုတို့တွင် မိန့်ခွန်းပြောရန်အတွက် ၇ရက်ကြိုတင်၍ ခွင့်ပြုချက် လျှောက်ထားပြီး မိန့်ခွန်းများကိုလည်း စာဖြင့် ရေးသား၍ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ ပြန်ကြားရေးဝန်ကြီးဌာနနှင့် အတူ ပူးပေါင်းဆောင်ရွက်၍ ခွင့်ပြုချက် ယူရမည်ဟူ၍ ကြေညာခဲ့ပါသည်။[12] ဤကြေညာချက်တွင် နိုင်ငံရေးပါတီများအနေဖြင့် ရုပ်မြင်သံကြားနှင့် ရေဒီယို မိန့်ခွန်းများ ပြောကြားသည့်အခါတွင် မည်သည့်ကို ပြောနိုင်ကြောင်း ကန့်သတ်ချက်များ ရှိသည့်အပြင် တပ်မတော်ကို အသရေဖျက်ခြင်း၊ အစိုးရဆန့်ကျင်မှုများကို အားပေးခြင်း (သို့မဟုတ်) လုံခြုံရေး၊ တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ဆီးစေနိုင်မည့် သဘောထားများ ပြောဆိုခြင်း စသည်တို့ကို ကျယ်ပြန့်သောစကားလုံးများဖြင့် တားမြစ်ထားသည်ကိုလည်း တွေ့ရပါသည်။ ဤတားမြစ်ချက်များသည်

---

[11] အထွေထွေမှတ်ချက်၂၅နှင့် ICCPRအပိုဒ်၁၂တို့တွင် "လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်နှင့် သင်းပင်းဖွဲ့စည်းခွင့်တို့သည် မဲပေးခွင့်ကို လွတ်လပ်စွာ ကျင့်သုံးနိုင်ရန်အတွက် မရှိမဖြစ် လိုအပ်သော အချက်များဖြစ်သောကြောင့် ယင်းတို့ကို အပြည့်အဝ အကာအကွယ် ပေးရမည်" ဟု ဖော်ပြထားပါသည်။ ငြိမ်းချမ်းစွာ စုဝေးစီတန်းလှည့်လည်ခွင့်နှင့် ပတ်သက်ပြီး OSCE/ODIHR နှင့် Venice Commissionတို့၏ လမ်းညွှန်ချက်များအရ "မည်သည့် ဥပဒေပြဋ္ဌာန်းချက်မဆို စုဝေးလှည့်လည်မှုတစ်ခုကို စီစဉ်ဆောင်ရွက်သူတစ်ဦးအနေဖြင့် လုပ်ရန် ရည်ရွယ်သည်ဟူသော အသိပေးချက်ကိုသာ တင်သွင်းရန် ဥပဒေဖြင့် ပြဋ္ဌာန်းသင့်ပြီး ခွင့်ပြုချက်တောင်းခံခြင်း မဖြစ်သင့်ပေ"ဟု အကြံပြုထားပါသည်။

[12] တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအတွက် ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှ ထုတ်လွှင့်ရန်အတွက် အခမဲ့ထုတ်လွှင့်ချိန် သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိပေ။

ရွေးကောက်ပွဲ မဲဆွယ်မိန့်ခွန်းများကို ကြိုတင်ပြီး ခွင့်ပြုချက်ယူရမည် ဟူသော ကန့်သတ်ချက်နှင့် တွဲလိုက်သောအခါတွင် လွတ်လပ်စွာ ထုတ်ဖော် ရေးသားပြောဆိုခွင့်အပေါ် ပြင်းထန်စွာ ကန့်သတ်ပြီး နောက်ပိုင်းတွင် မိမိကိုယ်ကို ဆင်ဆာဖြတ်မှုအား ပိုမိုပြုလုပ်ရန် တွန်းပို့လိုက်ပေသည်။[13]

၏နိုင်ငံရေးပါတီများသည် ဆက်လက်၍ ကြိုတင်မဲစနစ်ကို ကြိုးကိုင်အသုံးချနိုင်သည့် အလားအလာ၊ အထူးသဖြင့် စစ်တပ်အခြေစိုက်ရာဒေသများတွင် ပြုလုပ်မည့် ကြိုတင်မဲနှင့် ပတ်သက်သော စိုးရိမ်စိတ်များကိုလည်း ပြောကြားခဲ့ပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ယခုအချိန်အထိ တပ်မတော်၊ ရဲနှင့် အစိုးရဝန်ထမ်းများ မဲပေးမည်ကို လေ့လာစောင့်ကြည့်ခြင်း အပါအဝင် ဤကြိုတင်မဲပေးမှုဖြစ်စဉ်ကို လေ့လာစောင့်ကြည့်မှုနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ မထုတ်ပြန်သေးပါ။

## အကြံပြုချက်များ

### *မြန်မာနိုင်ငံတော်အစိုးရ*

- ကိုယ်စားလှယ်လောင်းများ အနေဖြင့် လွတ်လပ်စွာ မဲဆွယ်စည်းရုံးခွင့်၊ ဆင်ဆာဖြတ်ခြင်း၊ ခြောက်လှန့်ခြင်း၊ လက်စားချေ တုန့်ပြန်ခြင်းတို့ကို စိုးရိမ်စရာမလိုပဲ မီဒီယာကို လက်လှမ်းမီခွင့်တို့ကို ကန့်သတ်မည့်ပုံစံဖြင့် တည်ဆဲ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာစေခြင်း အပါအဝင် လွတ်လပ်စွာရေးသား ထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့်တို့ကို ရရှိနိုင်ရန်အတွက် လိုအပ်သည်များအားလုံးကို လုပ်ဆောင်ပေးရပါမည်။

### *ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်*

- အရည်အချင်း ပြည့်မီသည့် ကိုယ်စားလှယ်လောင်းများ အားလုံးသည် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်နိုင်ရန် အမည်စာရင်း တင်သွင်းသည့် ကိုယ်စားလှယ်လောင်းအချို့ကို ငြင်းပယ်ခဲ့သည့် ကော်မရှင်ခွဲများ၏ ဆုံးဖြတ်ချက်များကို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ ၎င်း၏ လုပ်ပိုင်ခွင့် အာဏာကို ကျင့်သုံးပြီး ပြန်လည် သုံးသပ်သင့်ပါသည်။ အထူးသဖြင့် နိုင်ငံသားဖြစ်မှုနှင့်ဆိုင်သည့် အမှုများတွင် ဖြစ်ပါသည်။

---

[13] ICCPRအပိုဒ် ၁၉နှင့် အတူတွဲသော အထွေထွေမှတ်ချက်၃၇တို့တွင် ဖော်ပြထားသည်မှာ လွတ်လပ်စွာ ရေးသား ပြောဆိုခွင့်နှင့် ပတ်သက်၍ မည်သည့် ကန့်သတ်ချက်မဆို ကျိုးကြောင်းစွာသာ အဓိပ္ပာယ် ဖွင့်ဆိုရမည်ဖြစ်ပြီး အခြားပြည်သူများ၏ အခွင့်အရေးများနှင့် အခြားသူများ၏ ဂုဏ်သတင်းကို လေးစားရန်ဟူသော ရည်ရွယ်ချက်တစ်ခုဖြင့်သာ သတ်မှတ်ရမည်။ သို့တည်းမဟုတ် အမျိုးသားလုံခြုံရေးကိုကာကွယ်ရန် သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးနှင့် စည်းကမ်းဥပဒေ လိုက်နာရေး၊ သို့မဟုတ် ပြည်သူ့ကျန်းမာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်သိက္ခာနှင့် ဆက်စပ်သည်များကိုသာ တားဆီး ကန့်ကွက်ရမည်ဟု ဆိုထားပါသည်။ ထို့အပြင်အထွေထွေ မှတ်ချက် (၃၇)တွင် ဖော်ပြထားသည်မှာ "လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို လိုက်နာကျင့်သုံးနိုင်အောင် ဆောင်ရွက်ပေးရမည့် သူများအပေါ် လွတ်လပ်စွာပြောဆိုခွင့်ကို ကန့်သတ်ချုပ်ချယ်ရန်အတွက် အထိန်းအကွပ်မရှိ လုပ်ပိုင်ခွင့်အာဏာကို ဥပဒေတစ်ခုအနေဖြင့် မအပ်နှင်းသင့်ပေ" ဟု ဆိုထားပါသည်။

ထို  ့အပြင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်မိမိ၏ဆုံးဖြတ်ချက်ချရခြင်းရာများကိုအများသိအောင်ပြောပြပေးသင့်ပါသည်။ထို့အတူပင် ကိုယ်စားလှယ်လောင်း စီစစ်မှု လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ရန်လည်း လိုအပ်ပြီး ထိုလုပ်ထုံးလုပ်နည်းများကို ရှေ့နောက်ညီ၍ တန်းတူညီမျှသောပုံစံဖြင့် ဆောင်ရွက် လုပ်ဆောင်ခဲ့ခြင်း ရှိမရှိကို တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုများကို မမျှမတ၊ မထိခိုက်၊ မနစ်နာစေရန် ပြန်လည် သုံးသပ်သင့်ပါသည်။

- ကာတာစင်တာအနေဖြင့် ယခင်က အကြံပြုခဲ့သည်ကို ထပ်မံ အကြံပြုလိုသည်မှာ အထူးသဖြင့် မဲထည့်ခြင်း အပါအဝင် ကြိုတင်မဲပေးခြင်းကို အပြည့်အဝ လေ့လာစောင့်ကြည့်နိုင်ရန် လုပ်ဆောင်သင့်ပါသည်။ ဤသည်မှာ တပ်အခြေစိုက်ရာ ဒေသများတွင် ကြိုတင်မဲပေးခြင်းနှင့် အထူးသက်ဆိုင်နေပါသည်။

*နိုင်ငံရေးပါတီများ*

- နိုင်ငံရေးပါတီများအနေဖြင့်လည်း လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာသင့်ပြီး ၎င်းတို့အနေဖြင့် ဘာသာရေးနှင့် လူမျိုးရေး ခွဲခြားဆက်ဆံသော ဘာသာစကား အသုံးအနှုန်းများကို ရှောင်ကျဉ်သည့် ပြဌာန်းချက်များအား အထူးအာရုံစိုက်သင့်ပြီး မဲဆွယ် စည်းရုံးသည့်ကာလအတွင်း အငြင်းပွားမှုများကို ရှောင်ရှားရန်နှင့် ဖြေရှင်းရန် ဒေသဆိုင်ရာ ညှိနှိုင်းဖြေရှင်းသည့် ယန္တရားများကို အသုံးပြု သင့်ပါသည်။

**နောက်ခံသမိုင်းကြောင်း**

အမေရိကန် သမ္မတဟောင်း ဂျင်မီကာတာ ၏ အလည်အပတ်ခရီးစဉ်အပြီး၊ ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ စတင်က ကာတာစင်တာ၏ မြန်မာနိုင်ငံ ဆိုင်ရာ ရုံးကို ရန်ကုန်တွင် ထားရှိပါသည်။ ၂၀၁၄ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ခုနှစ် ဩဂုတ်လ အထိ မြန်မာ့ နိုင်ငံရေး အကူးအပြောင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြင်ဆင် ဆောင်ရွက်မှုများ အပေါ် လက်တွေ့ လေ့လာနိုင်စေရန် နိုင်ငံပေါင်း ၄ နိုင်ငံမှ ကွင်းဆင်းဆောင်ရွက်မည့်ဂန်ထမ်း ၄ ဦးအား စေလွှတ်ခဲ့ပါသည်။ ကာတာ စင်တာ အနေဖြင့် မြန်မာနိုင်ငံ၏ အထွေထွေ ရွေးကောက်ပွဲကို စောင့်ကြည့် လေ့လာရန် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ ဖိတ်ကြား ချက်ကို ၂၀၁၅ ခုနှစ် မတ်လ ၃၀ ရက်နေ ့တွင် လက်ခံ ရရှိခဲ့ပါသည်။ ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်ကြေငြာချက်ကို သိရှိပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ဖိတ်ကြားချက်ကို ကာတာစင်တာမှ လက်ခံခဲ့ပါသည်။ စင်တာ၏ ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေးမစ်ရှင်ကိုလည်း ဩဂုတ်လအစပိုင်းမှ စတင်ခဲ့ပါသည်။ ရွေးကောက်ပွဲကျင်းပမည့်အချိန်အထိ စောင့်ကြည့်လေ့လာရန် ရန်ကုန်တွင်အခြေစိုက်မည့် အဖွဲ ့ဝင်၄ဦး၊ နိုင်ငံပေါင်း ၆ နိုင်ငံမှ ရေရှည် စောင့်ကြည့်လေ့လာသူ ၆ ဦးကို ကာတာစင်တာမှ

စေလွှတ်ပြီးဖြစ်ပါသည်။ ရွေးကောက်ပွဲကျင်းပမည့် နေ့တွင် စောင့်ကြည့်လေ့လာရန်အတွက် ရေတိုလေ့လာသူများအဖွဲ့ တစ်ဖွဲ့ ကိုလည်း ကာတာစင်တာမှ စေလွှတ်မည် ဖြစ်ပြီးၚင်းတို့ သည် နိုဝင်ဘာ ၃ ရက်တွင်ရောက်ရှိမည် ဖြစ်ပါသည်။

ကာတာစင်တာသည် မြန်မာ့ရွေးကောက်ပွဲဖြစ်စဉ် ကိုလေ့လာရာတွင် နိုင်ငံတကာ ဥပဒေများ၊ အပြည် ပြည်ဆိုင်ရာ ရွေးကောက်ပွဲလေ့လာရေး စံနှန်းများ သာမက မြန်မာ့ ဥပဒေမူဘောင် နှင့် ကတိကဝတ်များကို အခြေခံအသုံးပြု၍ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ ယင်းအပြင် ကာတာစင်တာသည် ရရှိလာသော တွေ့ရှိချက်များ နှင့် အဓိကပြဿနာကိစ္စရပ်များနှင့် သက်ဆိုင်သည့် အကြံပြုချက်များကို အများပြည်သူ လက်လှမ်းမီသည့် အစီရင်ခံစာများအဖြစ် ရွေးကောက်ပွဲ ပြီးပြီးချင်း ထုတ်ပြန်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ နောက်ဆုံး အပြီးသတ် အစီရင်ခံစာကိုလည်း လပိုင်းအတွင်း ထုတ်ပြန်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

ကာတာစင်တာမှ မြန်မာ့အထွေထွေ ရွေးကောက်ပွဲ စောင့်ကြည့် လေလာသည့် ဦးတည်ချက် မစ်ရှင်ကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အပြည် ပြည်ဆိုင်ရာ ရွေးကောက်ပွဲလေ့လာရေး စံနှန်းများ၊ UN တွင် ၂၀၀၅ ခုနှစ် ကအသိအမှတ်ပြုထားသည့် ယုံကြည်ရသည့် ရွေးကောက်ပွဲ များ ကိုလေ့လာသည့် ကျင့်ဝတ်စည်းမျည်းစည်းကမ်း အခြေခံအသုံးပြု၍ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ ၎င်း ကို စင်တာ၏ ဝဘ်ဆိုက် www.cartercenter.org/documents/2231.pdf ပေါ် တွင်လည်း ရယူနိုင်ပါသည်။

**ကာတာစင်တာ**

ကာတာစင်တာကို နိဘယ်လ်ဆုရှင် အမေရိကန် သမ္မတဟောင်း ဂျင်မီကာတာ နှင့် ၎င်း၏ ဇနီးဖြစ်သူ ရိုဆယ်လင်း တို့ မှ ၁၉၈၂ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ကမ္ဘာတစ်ဝှမ်းတွင် ငြိမ်းချမ်းရေးနှင့် ကျန်းမာရေးတို့တိုးတက်ကောင်းမွန်လာစေရေး ဦးတည်ချက်ဖြင့် တည်ထောင် ခဲ့ခြင်း ဖြစ်ပါသည်။ ကာတာ စင်တာ အနေဖြင့် လူ့အခွင့်အရေး၊ ဒီမိုကရေစီ ရှင်သန် အား ကောင်းရေး နှင့် ကမ္ဘာ တစ်ဝှမ်းရှိ လူမှု နေထိုင်မှု ဘဝ ကောင်းမွန်ရေး တို့အတွက် အထောက်အကူ ဖြစ်စေရန် ရည်ရွယ် ဆောင်ရွက်ခဲ့ပါသည်။ ကာတာ စင်တာသည် တိုက်ကြီး ၄ တိုက်မှ ရွေးကောက်ပွဲပေါင်း (၁၀၀) ကို စောင့်ကြည့် လေ့လာ ခဲ့ပြီး ဖြစ်ပါသည်။ ကာတာစင်တာသည် အစိုးရ မဟုတ်သည့် အဖွဲ့အစည်း (NGO) တစ်ခု ဖြစ်ပါသည်။

ကာတာစင်တာ အကြောင်းပိုမိုသိရှိ လေ့လာလိုပါက www.cartercenter.org တွင်လေ့လာနိုင်ပါသည်။